**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်အစုရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၂ ) ရက်

Mandalay Myotha Industrial Development Public Co., Ltd သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့စွဲဖြင့် အစုရှယ်ရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဖော်ပြထားသော အောက်ဖော်ပြပါ သာမန်ဆုံးဖြတ်ချက်များအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များက တစ်ခဲနက်တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | သာမန်ဆုံးဖြတ်ချက်များ | ရလဒ် |
|---|---|---|
| ၁။ | ကုမ္ပဏီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့နှစ်ပတ်လည် အစီရင်ခံစာအား အတည်ပြုခြင်း။ | အတည်ပြုသည် |
| ၂။ | ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေး ရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာအား အတည်ပြုခြင်း။ | အတည်ပြုသည် |
| ၃။ | RHGC ကုမ္ပဏီမှ Founder အစုရှယ်ယာနှင့် Bonus Share ရရှိထားသူများမှလွဲ၍ ကုမ္ပဏီ၏ ဧပြီလ၂၀၁၃ မှ မတ်လ ၂၀၁၄ ခုနှစ်အတွင်း ဝယ်ယူထားသောအစုရှယ်ယာရှင်များအား၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငွေသား သို့မဟုတ် ညီမျှသောအစုရှယ်ယာအနေနှင့် ဝယ်ယူခွင့်ပေးခဲ့သော ကြားဖြတ် အမြတ်ဝေစု တစ်စုလျှင် ကျပ် ၁၀၀၀ အား ငွေသားထုတ်ပေးခြင်း သို့မဟုတ် အစုရှယ်ယာအနေနှင့် ဝယ်ယူလိုပါကအစုရှယ်ယာမူလဈေးနှုန်းဖြင့်ထုတ်ပေး သွားခြင်းကို အပြီးသတ် အမြတ်ဝေစုအဖြစ်အတည်ပြုခြင်း။ | အတည်ပြုသည် |

Website : http://www.mmidproject.com Email : info@mmidproject.com

**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

| စဉ် | သာမန်ဆုံးဖြတ်ချက်များ | ရလဒ် |
|---|---|---|
| ၄။ | လက်ရှိ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွက် ကြားဖြတ်အမြတ်ဝေစု အနေနှင့် (၃၀) ရက်၊ စက်တင်ဘာလ၊ ၂၀၁၅ နေ့ စာရင်းများပေါ်မူတည်၍ တွက်ချက်ပြီး ဒါရိုက်တာအဖွဲ့မှ RHGC ကုမ္ပဏီမှ Founder အစုရှယ်ယာ နှင့် Bonus Share ရရှိထားသူများမှလွဲ၍ အတည်ပြုပြီးသည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့နောက်ပိုင်း ကုမ္ပဏီမှဝယ်ယူရရှိထားသောအစုရှယ်ယာရှင် များအား အစုရှယ်ယာတစ်စုလျှင်ကျပ် ၁၂၅၀ အား ထုတ်ပေးရန် သို့မဟုတ် ညီမျှသောအစုရှယ်ယာအား မူလတန်းဘိုးအတိုင်းထုတ်ပေးသွားရန်အတည် ပြုခြင်း။ | အတည်ပြုသည် |
| ၅။ | လက်ရှိ ဒါရိုက်တာအဖွဲ့ဝင် ၇ ဦးမှ ဦးကျော်ကျော်နှင့် ဦးကျော်ကျော်ဝင်း ဒါရိုက်တာ ၂ ဦးတို့ နုတ်ထွက်ပြီး ဒါရိုက်တာအဖွဲ့ဝင်အသစ် ၂ ဦးအဖြစ် ဦးအောင်ခိုင်နှင့် ဦးကျော်ဇေယျတို့အား ရွေး ချယ်ခန့်အပ်ခြင်းအား အတည် ပြုခြင်း။ | အတည်ပြုသည် |
| ၆။ | ဦးဝင်းထွဋ်အောင်နှင့် အဖွဲ့လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေး အတိုင်ပင်ခံများအား ၂၀၁၅ - ၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်အဖြစ် ခန့်အပ်ခြင်း။ | အတည်ပြုသည် |
| ၇။ | လက်ရှိခန့်အပ်ထားသော ဒါရိုက်တာ ၇ ဦးအပြင် နောက်ထပ်ဒါရိုက်တာအသစ် ၂ ဦးကို ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ခန့်အပ်နိုင်ရန်အတည်ပြုခြင်း။ | အတည်ပြုသည် |
| ၈။ | ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာများ၏ ချီးမြှင့်ငွေ ကျပ်သိန်း ၈၄၀ ပေးအပ်ချီးမြှင့်ခဲ့ခြင်းကိုအတည်ပြုခြင်း ။ | အတည်ပြုသည် |

**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

| စဉ် | သာမန်ဆုံးဖြတ်ချက်များ | ရလဒ် |
| --- | --- | --- |
| ၉။ | Corporate Governance ကို ဦးတည်ဆောင်ရွက်သွားခြင်းအတွက် အောက်ဖော်ပြပါအတိုင်း Committee များဖွဲ့စည်းခြင်းကိုဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားရန်ကိုအတည်ပြုခြင်း -<br>(က) Audit Committee အနေဖြင့် အဖွဲ့ဝင် (၂) ဦးမှ (၃) ဦးဖြင့် ဖွဲ့စည်းသွားရန်၊<br>(ခ) Advisory to the Board of Directors အနေဖြင့် အဖွဲ့ဝင် (၂) ဦးမှ (၃) ဦးဖြင့် ဖွဲ့စည်းသွားရန်၊<br>(ဂ) Remuneration Committee အနေဖြင့် အဖွဲ့ဝင် (၃) ဦးမှ (၅) ဦးဖြင့်ဖွဲ့စည်းသွားရန်။ | အတည်ပြုသည် |
| ၁၀။ | ကုမ္ပဏီ အနေဖြင့် သင့်လျော်သောအချိန်တွင် Yangon Stock Exchange (YSX) သို့ Listing ဝင်ရောက်နိုင်ရေးအတွက် ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်သွားရန်ကို အတည်ပြုခြင်း။ | အတည်ပြုသည် |

အမှုဆောင်ဒါရိုက်တာအဖွဲ့
MMID Public Co., Ltd